မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် Myat Noe Thu Construction Co., Ltd.

တင်ပြသည့် လုပ်ငန်း [illegible]

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၂၆-၂-၂၀၁၄	အဆိုပြုချက် လက်ခံရရှိသည်။ Check list ဖြင့်စိစစ်သည်။ (19.2.2014 အလုပ်ဝင်ရက်)	
၃-၃-၂၀၁၄	PAPRD သဘောထားတောင်းသည်။	
၆-၃-၂၀၁၄	11/2014 PAT တင်ပြသည်	
၁၃-၃-၂၀၁၄	PAT သဘောထားပြန်ကြားသည်။	
၃၁-၃-၂၀၁၄	ကုမ္ပဏီမှ လိုအပ်ချက်များ တင်ပြသည် (ဌာနအမှာအမှတ်)	
၄-၄-၂၀၁၄	ဌာနအမှာအဖြေ တင်ပြလာသည်။	၁၂/၂၀၁၄ Agenda ဖြင့် ခံရသဖြင့် မတင်ပြပါ
၂၆-၄-၂၀၁၄	၃/၂၀၁၄ MIC တင်ပြသည်။	
၃၀-၄-၂၀၁၄	ခွင့်ပြုမိန့် ကြမ်း Legal သို့ ပို့သည်။	
၁၅-၅-၂၀၁၄	ခွင့်ပြုမိန့် အချော တင်ပြသည်	
၂၈-၅-၂၀၁၄	မနစ - ၉၀၂/၂၀၁၄ (၂၈-၅-၂၀၁၄) ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးသည်။	
၆-၆-၂၀၁၄	Company မှ Permit လာယူသည်	
၆-၆-၂၀၁၄	ကြီးကြပ်ရန် Proposal ၃ အုပ်၊ Permit ၁ စုံ Memo ၁ စုံ ပို့သည်	

Coor doc

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၆ ရက်

အကြောင်းအရာ။ **Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်း အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ Myat Noe Thu Construction Co. , Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကို ကော်မရှင်၏ ၁၃/၂၀၁၄ (၂၆-၄-၂၀၁၄) အစည်းအဝေးမှ ခွင့်ပြုသဖြင့် ခွင့်ပြုမိန့်အမှတ် မနသ-၉၈၂/၂၀၁၄ ကို ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး ဌာနခွဲသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြအပ်ပါသည်-

(က) အဆိုပြုချက်	(၃)အုပ်
(ခ) ခွင့်ပြုမိန့်နှင့်အမိန့်ကြော်ငြာစာ	(၃)စုံ
(ဂ) MIC Memo	(၁)စုံ

(မီမီသဥ္ဇာချို)
ဦးစီးအရာရှိ

လက်ထောက်ညွှန်ကြားရေးမှူး

၃။

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် မေလ ၂၆ ရက်

MIC ၅၁၆ / ၂၃/၅

M-448 / 27-5-2014

အကြောင်းအရာ။ **Myat Noe Thu Construction Co., Ltd. မှ လက်ပံ ခြေပေါ် (ညောင်ဦး) - ပခုက္ကူ- မြိုင်- လင်းကတော- မုံ့ရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ Myat Noe Thu Construction Co., Ltd. သည် လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံ့ရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုတင်ပြခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၃/၂၀၁၄ (၂၆-၄-၂၀၁၄) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၇)၊ ပုဒ်မ ၁၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Myat Noe Thu Construction Co., Ltd. အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ရန် သက်ဆိုင်ရာရင်းနှီးမြှုပ်နှံသူသို့ထုတ်ပေးမည့် **ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ (စာချော)**တို့တွင် **ဥက္ကဋ္ဌ** မှ လက်မှတ် ရေးထိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(အောင်နိုင်ဦး)
ညွှန်ကြားရေးမှူးချုပ်

ဥက္ကဋ္ဌ

၃။

၂၈/၅/၁၄

ပုံစံ (မနသ-၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

စာအမှတ် ၅၅၁၉-၁၁
ရက်စွဲ ၂၀-၅-၂၀၁၄

ခွင့်ပြုမိန့် အမှတ်၊ မနသ- ၉၈၂ /၂၀၁၄ ။ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂(ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးကျော်စိုးလွင်

(ခ) **အဘအမည်** ဦးကြည်လွင်

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၉/မရတ(နိုင်) ၀၅၉၇၈၄

(ဃ) **နေရပ်လိပ်စာ** အမှတ်(၆၄၇)၊ (၈၇)လမ်းနှင့် (၃၇)လမ်းကြား၊ ဟေမမာလာ(မြောက်)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း** Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ-မြိုင်-လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ၂၃၃၄၆.၁၉ သန်း (အမေရိကန်ဒေါ်လာ ၈.၂၁ သန်း အပါအဝင် စုစုပေါင်း ကျပ်နှစ်သောင်း သုံးထောင် သုံးရာ လေးဆယ့်ခြောက်သန်း တစ်သိန်းကိုးသောင်းခွဲ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆ /၂၀၁၄(မနသ)

၂၀၁၄ ခုနှစ် မေလ ၂၈ ရက်

၁။ မြန်မာကုမ္ပဏီ ဖြစ်သော Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံ့ရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား (၂၆-၄-၂၀၁၄) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၃/၂၀၁၄) အစည်းအဝေး မှ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၉၈၂ /၂၀၁၄ ကို ထုတ်ပေးလိုက်သည်။

၂။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ) အရ လုပ်ငန်းမှ ရရှိသောအမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ် ကာလအထိ သယ်ယူ ခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်

တကယ် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဆ)အရ လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြား ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀(ဆ)အရ ပြည်ပမှ တင်သွင်းသည့် ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင်တန်ဆာပလာ၊စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှုစသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency)၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ်ထား၍ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၆။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်) သည် လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံအား BOT စနစ်ဖြင့် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ချုပ်ဆိုမည့် BOT ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ချက် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းနှင့် Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)တို့ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရေး ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး ပြီးသည့် အခါ ယင်းသဘောတူ စာချုပ်မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ **မပျက်မကွက်** ပေးပို့ တင်ပြရမည်။

၈။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်)သည် လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သက်တမ်းမှာ နှစ်(၄၀)ဖြစ်သည်။ သက်တမ်းကို ရေတွက်ရာတွင် လုပ်ငန်း များကို အပြီးဆောင်ရွက် ပြီးစီးသည့်ရက်နေ့ (သို့မဟုတ်) လုပ်ငန်းပြီးစီးကြောင်း လက်မှတ်ရေးထိုး ပေးသည့် ရက်နေ့ ထိုနှစ်ရပ်အနက် စောရာရက်နေ့ကာလမှ စတင်သတ်မှတ်သည်။

၉။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်)သည် ကောက်ခံရရှိသည့် လမ်းသုံးပြုခမှ “ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ” သို့ အောက်ပါအတိုင်းပေးသွင်းရမည်-

(၁) ပထမ(၃)နှစ်အတွက်	ကင်းလွတ်ခွင့်ကာလ
(၂) (၄)နှစ်မြောက်မှ(၁၃)နှစ်မြောက်အထိ(၁၀)နှစ်	၅%
(၃) (၁၄)နှစ်မြောက်မှ(၂၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၀%
(၄) (၂၄)နှစ်မြောက်မှ(၃၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၅%
(၅) (၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ(၇)နှစ်	၂၀%

(၆) ၄၀ နှစ် ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့်တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်းပေးသွင်းရန်ဖြစ်သည်။

၁၀။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ်(၄၀) သို့မဟုတ် လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် နောက်ထပ် တိုးမြှင့်ကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် ဂိတ်များကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့်အနေအထားအတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းပေးရမည်။

၁၁။ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)မှ အဆိုပြု လုပ်ငန်း ဆောင်ရွက်ရန် အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင် နှင့် အလုပ်သမား ဆက်ဆံရေးပြေလည်စေရန် အလေးထား ဆောင်ရွက် ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်း ဇယားများစနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း စီစဥ် ဆောင်ရွက်ရမည်။

၁၂။ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် မီးဘေး အန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံ ကတိပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုတတ်စေရန်အတွက် သင်တန်းများပေးရမည်။

၁၃။ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၄။ Myat Noe Thu Construction Co., Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် ကနဦး လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံ ဇယားများဖြင့် (၃)လတစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့ အစီရင်ခံရမည်။

၁၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် လမ်းအရှည်မိုင်နှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၆။ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇။ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် အဆိုပြုလမ်းပိုင်းတရားဝင် ဖွင့်လှစ်သည့်နေ့ရက်နှင့် စီးပွားဖြစ်စတင် ဆောင်ရွက်သည့် နေ့ရက်တို့ကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၈။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်တို့ကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၂(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းသည်အထိ အရေးယူခြင်းခံရမည်။

၁၉။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဝင်းရှိန်)

ဥက္ကဋ္ဌ

စာအမှတ်၊ရကဖ-၆(က)/မ-၁၄၀၈/၂၀၁၄(၅၅၁၉-ဘ)

ရက်စွဲ၊ ၂၀၁၄ ခုနှစ် မေ လ ၂၈ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ကန့်သတ်

၇

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

အုပ်ချုပ်မှုဒါရိုက်တာ ၊ Myat Noe Thu Construction Co. , Ltd. (မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်)

၉။ Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာ လမ်းပိုင်း ၇၉မိုင်၊ ဖဖာလုံ အား B.O.T စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြခြင်းကိစ္စ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်- လင်းကတော-မုံရွာ လမ်းပိုင်း ၇၉မိုင်၊ ဖဖာလုံ အား B.O.T စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်တင်ပြခြင်းဖြစ်ကြောင်း၊ အမှာစာ အကြောင်းအရာအား အကျဉ်းချုပ် ဆွေးနွေးတင်ပြပြီး အဓိကအချက်များကို ကုမ္ပဏီ မှ ဆွေးနွေး ပေးရန် ပြောကြားပါသည်။

ကုမ္ပဏီ၏ တာဝန်ရှိသူမှ B.O.T စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ ကောက်ခံမည့် သတ်မှတ်နှုန်းထားများ၊ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ဝန်ထမ်းအင်အား၊ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆောင် ရွက်ရေး စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ အဆိုပြုချက်ပါ အကြောင်းအရာများကို အသေးစိတ် ရှင်းလင်း တင်ပြပါ သည်။

ကော်မရှင်အဖွဲ့ဝင် ဦးဝင်းခိုင်မှ B.O.T စနစ်ဖြင့် နှစ် ၄၀ ငှားရမ်း၍ လမ်းအဆင့်မြှင့်တင် တိုးချဲ့မည့် ကိစ္စနှင့် စပ်လျဉ်း၍ အနာဂတ်လိုအပ်ချက်နှင့် ကိုက်ညီအောင် စီစဉ်ထားမှု၊ နောက်ပိုင်း လမ်းအဆင့်မြှင့် တင်ခြင်းနှင့် စပ်လျဉ်း၍ B.O.T စာချုပ်တွင် မည်သို့ သဘောတူညီမှု ရယူထားကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြပေးရန် ပြောကြားပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမြင့်မောင်ဝင်းက B.O.T စာချုပ်တွင် traffic volume တက်လာသည်နှင့်အမျှ လမ်းအကျယ်ချဲ့ရမည့် ဟူသည့် သတ်မှတ်ချက်ပါရှိကြောင်း၊ ယင်းသတ်မှတ်ချက်အတိုင်း ကုမ္ပဏီမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သွားလာမည့်ယာဉ်များနှင့် ပတ်သက်သည့် လမ်းတံတား အသုံးပြုခကောက်ခံခြင်းကိုလည်း ၃ နှစ် ၁ကြိမ် ပြောင်းလဲကောက်ခံသည့် စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ၊ လမ်း Design ၊ Traffic Volume ၊ လမ်း Upgrading ပြုလုပ်ခြင်း အပိုင်းနှင့် စပ်လျဉ်း၍ B.O.T စနစ်ဖြင့် စတင်ဆောင်ရွက်ချိန်မှစ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် နှင့် မြို့နယ် အင်ဂျင်နီယာရုံးများမှ အင်ဂျင်နီယာမှူးများက အပတ်စဉ် Monitor ပြုလုပ်ပါကြောင်း ရှင်းလင်း တင်ပြပါသည်။

ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က B.O.Tလုပ်ငန်းများတွင် Yearly Maintenance ဆောင်ရွက်သော်လည်း ပုံမှန် Monitor မရှိခြင်းကြောင့် လမ်း Structure နှင့်ခံနိုင်ရည်အား တိုးတက်လာခြင်း မရှိကြောင်း၊ တိုးလာသော Traffic နှင့်ကား Design များ ပြောင်းလဲ လာခြင်း၊ လမ်းပေါ်တက်လာသော Load သည် တစ်နှစ်ထက်တစ်နှစ် များလာခြင်းတို့ကြောင့် လမ်းပျက်စီး ခြင်းဖြစ်လာကြောင်း၊ ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်၍ ASEAN Standards ညီသော Foundation နှင့် Structure ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှာ ASEAN

Standards ကိုက်ညီနေပြီဖြစ်ပြီး မြန်မာနိုင်ငံတစ်ခုတည်းသာ ကျန်နေကြောင်း၊ လမ်း Structure ကို ကောင်းအောင်ပြုလုပ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

ကော်မရှင်အဖွဲ့ဝင် အငြိမ်းစား သံအမတ်ကြီး ဦးညွန့်တင်က လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်း ဆောင်ရွက် ရာတွင် လမ်းပုခုံးနှင့် ရေမြောင်းပါရန် လိုအပ်ကြောင်း၊ သို့မှသာ မိုးရွာ၍ လမ်းပေါ်တွင် ချိုင့်ဖြစ်ခြင်း၊ ပျက်စီး ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်က B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ သည် ကာလရှည် ငှားရမ်းဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည့်အတွက် B.O.T သက်တမ်းကုန်ဆုံးမည့် နှစ် ၄၀ နောက်ပိုင်းအခြေအနေကို ကြိုတင်စဉ်းစားထားရမည် ဖြစ်ကြောင်း၊ CSR လုပ်ငန်းအတွက် အသားတင်အမြတ်၏ ၀.၅ % အသုံးပြုမည်ဟုတင်ပြထားချက်သည် နည်းပါကြောင်း၊ အနည်းဆုံး ၁% အသုံးပြုပေးရမှာ ဖြစ်ကြောင်း၊ CSR လုပ်ငန်းဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ လမ်းဖောက်ရာတွင် ကျောက် သယ်သည့် အမျိုးသမီးများ၏ ကလေးများကို နေ့ကလေးထိန်းကျောင်း ဖွင့်ပေးခြင်းမျိုး စဉ်းစား ဆောင်ရွက် ပေးစေလိုကြောင်း၊ ကျေးလက်ဒေသပတ်ဝန်းကျင်ရှိ လူမှုပတ်ဝန်းကျင် အကျိုးပြုရေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်မှ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ B.O.T စနစ်ဖြင့် ပြင်ပကုမ္ပဏီများကို မည်သည့်အကြောင်းကြောင့် ဆောင်ရွက်စေခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးမြင့်မောင်ဝင်းက တစ်နိုင်ငံလုံးရှိ လမ်းတံတားများ အဆင့်မြှင့်တင်ရန်မှာ မိမိတို့ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတည်းဖြင့် မနိုင်ပါကြောင်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်မှ Budget တစ်စိတ်တစ်ပိုင်း သက်သာပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသား လုပ်ငန်းရှင် များကို ဆောင်ရွက်စေခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင် သည့်အပြင် လမ်းများကောင်းမွန်၍ ခရီးပေါက်နိုင်ပါကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကB.O.T လမ်းလုပ်ငန်းများသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု နှင့်ဆိုင်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ အကယ်၍ B.O.T လုပ်ငန်းရှုံး၍ လုပ်ငန်း ပြန်အပ်သည့်အခါ လမ်းလုပ်ငန်းမတိုးတက်ခြင်းကို အစိုးရက တာဝန်ခံရခြင်းမျိုး ဖြစ်လာနိုင် ကြောင်း၊ B.O.T သက်တမ်းကုန်ဆုံးချိန်တွင် လမ်း Structure မည်မျှတိုးတက်ရမည်ဟု သတ်မှတ်ခြင်းမျိုး ရှိသင့်ကြောင်း၊ Asean Highway နှင့်ဆီလျော်သည့် အဆင့်ရှိအောင် လုပ်သင့်ကြောင်း ဆွေးနွေး ပြောကြား ပါသည်။

ကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကော်မရှင် ခွင့်ပြုမိန့်တင်သည့် B.O.T လမ်းလုပ်ငန်းအရေအတွက်နှင့် ပြည်ပမှ တင်သွင်းခွင့်တင်ပြထားသည့် ဒီဇယ်နှင့် ကတ္တရာများနှင့် ပတ်သက်၍ မေးမြန်းရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဦးအောင်နိုင်ဦးမှ B.O.T လမ်းလုပ်ငန်း စုစုပေါင်းခွင့်ပြုပေးထားသည်မှာ (၅၉) ခုရှိ ပါကြောင်း၊ ပြည်ပမှတင်သွင်းမည့် ဒီဇယ်၊ ကတ္တရာများနှင့်စပ်လျဉ်း၍ ဒီဇယ်မှာ အခွန်ပေးဆောင် တင်သွင်း ရမည်ဖြစ်ပြီး၊

ကတ္တရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုကြောင်း ရှင်းလင်းတင်ပြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမြင့်မောင်ဝင်းမှ B.O.T စတင်ချိန်တွင် B.O.T ရသည့်ကုမ္ပဏီကို လေလံစနစ်ဖြင့် လမ်း၊ တံတား အသုံးပြုခ ကောက်ခံစေခြင်းရှိကြောင်း၊ ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေ သို့ပေးသွင်းရပါ ကြောင်းရှင်းလင်းတင်ပြပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တည်ဆောက်ရေးကာလအတွင်းတွင်လည်း လမ်း၊ တံတားဖြတ်သန်းခ ကောက်ခံနေပါက ဝင်ငွေခွန်ပေးဆောင်ရန်၊ စီးပွားဖြစ်စတင်သည့်ရက်နောက်ပိုင်း ဝင်ငွေရသည့်လမ်းပိုင်းကို စိစစ်ပြီးဝင်ငွေ ခွန်ကောက်ရန်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြန်လည် စိစစ်ပေးရန်၊ ဒီဇယ်ကို အခွန်ပေးဆောင်တင်သွင်းခွင့်ပြုရန်၊ ကတ္တရာကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုရန်၊ ရေရှည်တွင် အကျိုးရှိသည့်လုပ်ငန်းဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆောင်ရွက်မည့်လုပ်ငန်းသည် ဈေးငွေ ပါဝင်ခြင်း ရှိ-မရှိ မေးမြန်းဆွေးနွေးရာ ကုမ္ပဏီက ဈေးငွေပါဝင်ခြင်း မရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ငွေလိုအပ်ပါက မြန်မာ့စီးပွားရေးဘဏ်၌ မရွှေ့မပြောင်းနိုင် သောပစ္စည်းများကို ပေါင်နှံကာ ချေးယူမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး(အငြိမ်းစား) သူရဦးသောင်းလွင်က လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်စေခြင်းဖြင့် လမ်းသိသိသာသာ တိုးတက်လာပါကြောင်း၊ အခြားနိုင်ငံများတွင် ၅နှစ်အတွင်း အလတ်စားပြင်ဆင်သည့်အခါ ရရှိသည့်အခွန်ကို ပြန်လည်အသုံးပြုကြောင်း၊ အကြီးစား ပြင်ဆင်မှုများကို အစိုးရက ဆောင်ရွက်ရပါကြောင်း၊ B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် IRR နည်း ပါကြောင်း၊ လမ်းအသုံးပြုခ ကောက်ခံသည့်အခါ တန်ပိုကြေးကောက်ခံခြင်းမှ အကျိုးအမြတ်ရရှိ၍ ဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအသုံးပြုခကောက်ခံခြင်း နှင့်စပ်လျဉ်း၍ သတ်မှတ်ထားချက်ကို မေးမြန်းဆွေးနွေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပိုင်းဆိုပါက လမ်းမိုင်ကို မူတည်တွက်ချက်၍ ကောက်ခံပြီး တံတားတွင် တန်ပိုပါက ဖြတ်သန်းခ၏ (၁၀)ဆ တန်ပိုကြေး ပေးဆောင်ရမည်ဟု သတ်မှတ်ထားပါကြောင်း၊ B.O.T လမ်းလုပ်ငန်းများသည် လမ်းတံတား ဖြတ်သန်းခရရှိခြင်းထက် တန်ပိုကြေးရရှိ၍သာ စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း ရှင်းလင်းတင်ပြ ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က လမ်းလုပ်ငန်းများ B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခြင်းထက် B.T.O စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန် သင့်တော်ကြောင်း တည်ဆောက်မှုကာလ မည်မျှကြာစေကာမူ အစိုးရမှ ပြန်လည်လွှဲပြောင်းရယူသည့် အခါ လမ်းပိုင်းကို ကောင်းမွန်သောအနေအထားဖြင့် ပြန်လည်ရယူနိုင်ကြောင်း ဆွေးနွေးတင်ပြပါသည်။

ကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လမ်းလုပ်ငန်းများတွင် B.O.T စနစ်ထက် B.T.O စနစ်သည် အနာဂါတ်တွင် ရေရှည်အတွက် အကောင်းဆုံးဖြစ်ပါကြောင်း၊ ခွင့်ပြုမိန့်ပေးထားသော

B.O.T လမ်းလုပ်ငန်း (၅၉) ခုအတွက် လမ်းတံတား ဖြတ်သန်းခနှင့် ပတ်သက်ပြီးပြန်လည်သုံးသပ်ရန် လိုမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြား ပါသည်။

ကော်မရှင်အစည်းအဝေးမှ Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ-မြိုင်- လင်းကတော-မုံရွာ လမ်းပိုင်း ၇၉ မိုင်၊ ဖြောလုံ အား B.O.T စနစ်ဖြင့် လမ်း အဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ် ပါသည်။

၁၀။ Myat Min Co., Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စုနှင့် သလဲဦးကျေးရွာအုပ်စုတို့တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းဆောင် ရွက်ရန် အဆိုပြုချက်များတင်ပြခြင်းအား ခွင့်ပြုမိန့်ထုတ်ပေးရန် ပြန်လည်တင်ပြခြင်းကိစ္စ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က Myat Min Co., Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ အုပ်စုနှင့် သလဲဦးကျေးရွာအုပ်စုတို့တွင် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်များ တင်ပြခြင်းအား ၂၄/၂၀၁၃ (၁၁-၉-၂၀၁၃) ကြိမ်မြောက်ကော်မရှင် အစည်းအဝေးတွင် တင်ပြခဲ့ပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် မြေနေရာညှိနှိုင်းမှု ပြီးစီးမှသာ ကော်မရှင်သို့ ပြန်လည်တင်ပြ ဆုံးဖြတ်ခဲ့သည့်အတွက် ယခု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဌာနနှင့် ကုမ္ပဏီတို့ ညှိနှိုင်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ နှစ်ရှည် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)များ ပြုစု၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ပြန်လည်တင်ပြလာခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်အစည်းအဝေးမှ Myat Min Co., Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စုတွင် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့် ဟိုတယ် လုပ်ငန်းနှင့် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စုတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်နှင့် စီးပွားရေးဆိုင်ရာ တင်ပြချက်များအား အသေးစိတ် စိစစ်ပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ပါသည်။

၁၁။ ကော်မရှင်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် Myanmar Unimix International Ltd. အထည်ချုပ်လုပ်ငန်းအားပယ်ဖျက်ခွင့်တင်ပြခြင်းကိစ္စ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အမှတ် ၀၄၈/၉၁ (၁၇-၅-၁၉၉၂) ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ၂၀၀၁ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မရှင်မှ CMP လုပ်ငန်းဆောင် ရွက်ရန် သက်တမ်း တစ်နှစ်ထပ်မံခွင့်ပြုပေး၍ ခွင့်ပြုမိန့်သက်တမ်းသည် ၁-၁၀-၂၀၀၂တွင်သက် တမ်းကုန် ဆုံးပြီးလုပ်ငန်းလည်း ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိတော့၍ ပယ်ဖျက်ခွင့်တင်ပြခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အခွန်နှင့်ပတ်သက်၍ မရှင်းလင်းနိုင်၍ ပယ်ဖျက်မရဖြစ်နေပါကြောင်း၊ ကုမ္ပဏီသည် ၁၉၉၆ခုနှစ်မှ

	ဆောင်ရွက်ရန်
(ဃ) Meeyahta International Hotel Ltd. (MIHL) ၏ စီမံကိန်း သက်တမ်းတိုးမြှင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် စီမံကိန်းလုပ်ငန်းများ ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်ရယူရန်၊ လုပ်ငန်းအား ခွင့်ပြု သည့်အခါ မြန်မာ့မီးရထား ရုံးချုပ်ဟောင်း (Heritage Building) အား ဦးစားပေး၍ရှေးမူမပျက် စနစ်တကျ ပြင်ဆင်ထိန်းသိမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်စေရန်နှင့် ဆက်လက်ခွင့်ပြုပါက ယခင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ အလားတူ ထပ်မံမဖြစ်ပေါ်စေရေး ခိုင်မာစွာ ညှိနှိုင်းစာချုပ် ချုပ်ဆိုဆောင်ရွက်စေရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
(င) Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်- လင်းကတော-မုံရွာ လမ်းပိုင်း ၇၉ မိုင်၊ ဖဖာလုံ အား B.O.T စနစ်ဖြင့် လမ်း အဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
(စ) Myat Min Co., Ltd. မှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စုတွင် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့် ဟိုတယ်လုပ်ငန်း နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ သလဲဦး ကျေးရွာအုပ်စုတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်း ဆောင်ရွက် ခွင့်ပြုရန်နှင့် စီးပွားရေးဆိုင်ရာ တင်ပြချက်များအား အသေးစိတ် စိစစ်ပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
(ဆ) ကော်မရှင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆောင်ရွက်ခြင်း မရှိသည့် Myanmar Unimix International Ltd. အထည်ချုပ် လုပ်ငန်းအားပယ်ဖျက်ခွင့်တင်ပြခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်တောင်းခံရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

M. 372
2.5.14

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဧပြီ လ ၃၀ ရက်

DDG 10/16/5

အကြောင်းအရာ။ **Myat Noe Thu Construction Co. , Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ Myat Noe Thu Construction Co. , Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ-မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုတင်ပြခြင်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၃/၂၀၁၄ (၂၆-၄-၂၀၁၄) အစည်းအဝေးသို့ တင်ပြထားပါသည်။

၂။ ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၇)၊ ပုဒ်မ ၁၂(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Myat Noe Thu Construction Co. , Ltd. အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ရန် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူသို့ ထုတ်ပေးမည့် **ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ(စာကြမ်း)** တို့အား ကြိုတင်စိစစ်သုံးသပ်ပေးပါရန် ဥပဒေဌာနသို့ ပြုစုတင်ပြအပ်ပါသည်။

(signature)

(မီမီသဉ္ဇာချို)
ဦးစီးအရာရှိ

လက်ထောက်ညွှန်ကြားရေးမှူး

၃။ [illegible]

[illegible]

၄။ [illegible]
[illegible]

[illegible] 3/5/14

၅။ [illegible]
[illegible]

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible]

USMA
၂/၇/၁၇

ဖြ။ [illegible] (မြန်မာ) [illegible]

[illegible signature]
၂/၇/၁၇
([illegible])

[illegible]

၁။ [illegible] (မြန်မာ) နှင့် [illegible] (မြန်မာ) တို့ [illegible] ပါသည်-

(က) [illegible]

(ခ) [illegible] ပါသည်။

(ဂ) Performance Bank Guarantee ကို [illegible] ပါသည်။

[illegible signature]
([illegible])

ဦးစီးအရာရှိ

၈။ [illegible] အပိုဒ် ၂ (၁) တွင် Commercial [illegible] Construction Period တွင် raw material [illegible] အပိုဒ် ၂ (၁) [illegible]

[illegible] 5/5

ဒုတိယညွှန်ကြားရေးမှူး

၉။ IP [illegible]

[illegible] 13/5

([illegible])

လက်ထောက်ညွှန်ကြားရေးမှူး

၁၀။ [illegible] IP [illegible]

[illegible]

([illegible])

ဒုတိယညွှန်ကြားရေးမှူး

၁၁။ Myat Noe Thu Construction Co., Ltd သို့ [illegible]

[illegible] 15.5.14

([illegible])

ညွှန်ကြားရေးမှူး

၁၂။ [illegible]

[illegible]

([illegible])

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ဒုတိယ ညွှန်ကြားရေးမှူး [illegible]

၁၃။ [illegible]

[illegible]

[illegible]

[illegible]

[illegible]

Dear MICM
Please help me by reading this.
[illegible]

Look ok
[illegible]

[illegible]

၁၅။ ကော်မရှင် ဥက္ကဋ္ဌထံ ညွှန်ပြမိန့် နှင့် အမိန့် [illegible] စာချုပ် [illegible] မည့် Note Sheet (စာချုပ်) တွင် လက်မှတ်ရေးထိုးပေးပါရန် တင်ပြအပ် ပါသည်။

[illegible]

(မိမိသူ [illegible])

လက်ထောက်ညွှန်ကြားရေးမှူး

၁၆။ [illegible] Note Sheet [illegible] ပါသည်။

[illegible]

ဒုတိယ ညွှန်ကြားရေးမှူး

၁၇။ [illegible]

[illegible]

[illegible]

Myat Noe Thu -Ns -

အထွေထွေ အရပ်ရပ် -၁၆

(ရုံးတွင်း စာအကျဉ်းချုပ် (သို့မဟုတ်) စာကြမ်းရေးရန်အတွက်)

[illegible]

၁၈- [illegible]

[illegible]

၁၉။ [illegible]

[illegible]

၂၀။ [illegible]

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရတင်ပြလာသော

Myat Noe Thu Construction Co. , Ltd. ၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁။	အဆိုပြုချက်လက်ခံရရှိခြင်း	၁၉-၂-၂၀၁၄	-	-
၂။	PAT တင်ပြခြင်း	၆-၃-၂၀၁၄		
၃။	ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်တင်ပြခြင်း	-	၄-၄-၂၀၁၄	
၄။	ကုမ္ပဏီမှအဆိုပြုလွှာ(၁၀)စုံ လက်ခံရရှိခြင်း	၄-၄-၂၀၁၄		
၅။	**စုစုပေါင်းကြာမြင့်ရက်**	(၂၉)ရက်		

ကန့်သတ်

Myat Noe Thu Construction Co. , Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်နှင့် စပ်လျဉ်းသည့်အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	- Myat Noe Thu Construction Co., Ltd.
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးကျော်စိုးလွင် (အဘ-ဦးကြည်လွင်)
၃။	အဖွဲ့အစည်းပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်)
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	- လက်ပံခြေပေါ်(ညောင်ဦး)-ပခုက္ကူ - မြိုင် - လင်းကတော - မုံရွာလမ်းအဆင့်မြှင့်တိုးချဲ့၍ လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်း
၅။	လုပ်ငန်းတည်နေရာ	- လက်ပံခြေပေါ်(ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်း(၇၉/၆)မိုင်
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - ငွေပမာဏ - လမ်းဖောက်ကုန်ကျစရိတ် - အဆောက်အဦး - လျှပ်စစ်သွယ်တန်းစရိတ် - စက်ပစ္စည်းကိရိယာများ - ကုန်ကြမ်းပစ္စည်းများ	- **ကျပ် ၂၃၃၄၆.၁၉ သန်း (US$ ၈.၂၁ သန်းအပါအဝင်)** ကျပ် ၈၉.၀၀ သန်း ကျပ် ၁၄၇၃၄.၉၇ သန်း ကျပ် ၃၃၇.၅၀ သန်း ကျပ် ၁၃၅.၀၀ သန်း ကျပ် ၃၈၅၂.၃၈ သန်း (US$ ၃.၉၃ သန်း) ကျပ် ၄၁၉၇.၃၄ သန်း (US$ ၄.၂၈ သန်း)
၇။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ကနဦးနှစ်(၄၀)နှင့်နောက်ထပ်(၅)နှစ် (၃)ကြိမ်
၈။	တည်ဆောက်ရေးကာလ	- (၃)နှစ်
၉။	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၇ နှစ်မြောက်) - ဝင်ငွေခွန် - လမ်းတံတားဖြတ်သန်းခရငွေ	 - ကျပ် ၃၆.၈၇ သန်း - ကျပ် ၄၀.၄၂ သန်း
၁၀။	ဝန်ထမ်းအင်အား (ပြည်တွင်း) - တည်ဆောက်ရေးကာလအတွင်း - လုပ်ငန်းဆောင်ရွက်သည့် ကာလအတွင်း	 - (၅၂၃)ဦး - (၃၈)ဦး
၁၁။	အခြားတင်ပြချက်	- ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသည့် ဌာနနှင့် ကုမ္ပဏီတို့ ချုပ်ဆိုမည့် BOT လုပ်ငန်း သဘောတူ စာချုပ်(မူကြမ်း) တင်ပြထားပါသည်။

ကန့်သတ်

		- စာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်- (က)လမ်းဖောက်လုပ်သည့်လုပ်ငန်းကာလ(တည်ဆောက်ရေးကာလ)မှာ(၃)နှစ်ဖြစ်ပါသည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၉ ဂ(၁)] (ခ) လုပ်ငန်း သက်တမ်း ကာလမှာ နှစ်(၄၀) ဖြစ်ပြီး၊ တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ်သက်တမ်းတိုးမြှင့်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံ တင်ပြနိုင်သည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၅ ဃ] (ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် စာချုပ် ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁) ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားဝင် ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင် စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်း အကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသူထံ ပေးအပ် ရမည်။[စာချုပ်(မူကြမ်း) အပိုဒ်- ၆] (ဃ)တံတားအသုံးပြုခများကို ကောက်ခံရာတွင် ပေ (၁၈၀) အထက် ရှည်သည့် တံတားများ အတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ရသူတို့၏ ညှိနှိုင်းသဘောတူညီသည့် နှုန်းထားဖြင့် ကောက်ခံရမည်ဖြစ်သည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၈ ခ(၁)] (င) စတင်ကောက်ခံသည့် ပထမ(၃)နှစ် ကာလအတွက် လမ်း အသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့် ပြုသည်။ ကျန်ကာလအတွက် အောက်ပါ သတ်မှတ် ထားသည့် ရာခိုင်နှုန်းများ အတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၅-ပ] (၁) ပထမ(၃)နှစ်အတွက် ကင်းလွတ်ခွင့်ကာလ

(၂) (၄)နှစ်မြောက်မှ(၁၃)နှစ် မြောက်အထိ (၁၀)နှစ် ၅%

(၃) (၁၄)နှစ်မြောက်မှ(၂၃)နှစ် မြောက်အထိ (၁၀)နှစ် ၁၀%

(၄) (၂၄)နှစ်မြောက်မှ(၃၃)နှစ် မြောက်အထိ (၁၀)နှစ် ၁၅%

(၅) (၃၄)နှစ်မြောက်မှ(၄၀)နှစ် မြောက်အထိ (၇)နှစ် ၂၀%

(၆) ၄၀ နှစ်ကျော် ကာလအတွက် အချိန် တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော် မှ သတ်မှတ်ပေးသည့်ရာခိုင်နှုန်းအတိုင်းပေး သွင်းရန် ဖြစ်ပါသည်။

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ၏ စာဖြင့်ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်း တစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှားရမ်းခြင်းမပြုရ။ [စာချုပ် (မူကြမ်း) အပိုဒ်- ၅ ထ]

(စ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသူ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း၊ တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကိုပြောင်းလဲခြင်းမပြုရ။ [စာချုပ်(မူကြမ်း) အပိုဒ်- ၅ ဓ]

(ဆ)လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ်(၄၀) (သို့မဟုတ်) လုပ်ငန်း ဆက်လက် လုပ်ကိုင်ရန် နောက်ထပ် တိုးမြှင့်သောကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့်တံတားများ၊ဂိတ်များနှင့် အဆောက် အဦများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထားအတိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံ တစ်ရာမရှိဘဲ လွှဲပြောင်း ပေးရမည် ဖြစ်ပါသည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၂၀]

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(က)/မ- ၁၄၀၈ / ၂၀၁၄(၃၇၇၀-ဃ)

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ-မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်း အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုတင်ပြခြင်းကို လက်ခံရရှိခဲ့ပါသည်။ ယင်းအဆိုပြုချက်အား အဆိုပြုချက် စိစစ်ရေး အဖွဲ့၏ ၁၁/၂၀၁၄(၆-၃-၂၀၁၄)အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုလမ်းစီမံကိန်းအတွက် လမ်းအသုံးပြုခများကို မိုင်တိုင်အမှတ် ၅/၆ ၊ ၄၀၅/၇ နှင့် ၄၃၄/၆ တို့တွင် ကောက်ခံမည်ဖြစ်ပါသည်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်ကုမ္ပဏီတို့ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းဖောက်လုပ်သည့် လုပ်ငန်းကာလ (တည်ဆောက်ရေးကာလ) မှာ (၃)နှစ်ဖြစ်ပါသည်။ [စာချုပ်(မူကြမ်း) အပိုဒ် ၉-ဂ(၁)]

(ခ) လုပ်ငန်းသက်တမ်းကာလမှာနှစ်(၄၀)ဖြစ်ပြီး နှစ်ဖက်သဘောတူပါက တစ်ကြိမ် လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ် တိုးမြှင့်နိုင်သည်။ [စာချုပ်(မူကြမ်း) အပိုဒ်၅-ဃ]

(ဂ) အဆိုပြုကုမ္ပဏီမှအောက်ပါ လမ်းအသုံးပြုခနှုန်းထားများအတိုင်း ကောက်ခံမည်ဖြစ် ပါသည်- [စာချုပ်(မူကြမ်း) ၈-က]

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခ တစ်မိုင်နှုန်း (ကျပ်)
၁	သုံးဘီးဆိုင်ကယ်	၅
၂	ထော်လာဂျီ(ဒိန်းဒေါင်း)၊ ဆလွန်း၊ဗင်၊ (၂)တန်အောက်	၅

ကန့်သတ်

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခ တစ်မိုင်နှုန်း (ကျပ်)
၃	Farm Truck(၂ လုံးထိုး)၊ Double Cab၊ Pajero ၊ Parado ၊ Micro Bus၊ Super Custom ၊ ခရီးသည်ယာဉ်(လတ်)	၁၅
၄	ဟိုင်းလတ်၊ လိုက်ထရပ်(သေး)	၂၀
၅	ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ်(လတ်)(၄) ဘီးကား	၂၀
၆	Farm Truck(၄ လုံးထိုး)၊	၃၀
၇	ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ်(ကိုယ်ထည် အလျား= ၁၅ ပေ အောက်)၆ ဘီးကား Mini Bus ခရီးသည် (၂၄)ဦး၊ ဟီးနိုး(သေး)(၂၅)ဦး	၃၀
၈	ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ်(ကိုယ်ထည် အလျား= ၁၅ ပေ အထက်) (၆) ဘီး	၃၅
၉	BM ခရီးသည်တင်ယာဉ်(လတ်)ခရီးသည်(၂၆ မှ ၃၅) ဦးထိ	၃၀
၁၀	ဟီးနိုး၊ ကာကို၊ နီဆန်း၊ ကွန်တို(၆)ဘီးကား၊ (ကုန်တင် ယာဉ်)	၁၀၀
၁၁	TE 11 ၊ TE 21 ၊ GMC၊ Fuso ၊ UD ကောင်တာ (၆)ဘီးကား(ကုန်တင်ယာဉ်)	၁၀၀
၁၂	ဟီးနိုး၊ ဟွန်ဒိုင်း၊ ဒေဝူး၊ ခရီးသည်တင်ယာဉ်(ကြီး) (ခရီးသည် ၃၆ မှ ၄၅) ဦးထိ	၅၀
၁၃	ခရီးသည်တင် မှန်လုံယာဉ်ကြီး (ခရီးသည် ၄၆ ဦး နှင့် အထက်)	၅၅
၁၄	(၆)ဘီးကား၊ဝင်ရိုး(၂)ခုပါကုန်တင်ယာဉ်ကြီး	၁၀၀
၁၅	(၈)ဘီးကား၊ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၁၅
၁၆	(၁၀)ဘီးကား၊ ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၂၅
၁၇	(၁၂)ဘီးကား၊ ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်ကြီး	၁၅၀
၁၈	(၁၄)ဘီးကား၊ ဝင်ရိုး(၅)ခု (Lift Axle)ပါ ကုန်တင်ယာဉ် ကြီး (ဘီးအားလုံးလမ်းပေါ် ချ၍ မောင်းနှင်ရမည်)	၁၇၅
၁၉	(၁၄)ဘီးတွဲကား၊ ဝင်ရိုး(၄)ခုပါ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၂၀၀
၂၀	(၁၈)ဘီးတွဲကား၊ ဝင်ရိုး(၅)ခုပါ ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၀၀
၂၁	(၂၂)ဘီးတွဲကား၊ ဝင်ရိုး(၆)ခုပါ ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၅၀
၂၂	အမှတ်စဉ်(၁၀)မှ (၂၁)အတွင်း ပါရှိသော ကုန်တင်ယာဉ်များသာ ကုန်မပါအလွတ်ဖြစ်ပါက	၁၀၀

(ဃ) ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ (၁၈၀) နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက် ထားသောတံတားများအားလေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သောတံတားများအတွက် ဌာနနှင့် ကုမ္ပဏီတို့၏ ညှိနှိုင်း သဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံမည်ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၈-ခ (၁)]

(င) စတင်ကောက်ခံသည့်ပထမ(၃)နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်။ ကျန်ကာလအတွက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၅-ပ]

(၁) ပထမ(၃)နှစ်အတွက်	ကင်းလွတ်ခွင့်ကာလ
(၂) (၄)နှစ်မြောက်မှ(၁၃)နှစ်မြောက်အထိ(၁၀)နှစ်	၅% ပေးသွင်းရန်
(၃) (၁၄)နှစ်မြောက်မှ(၂၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၀% ပေးသွင်းရန်
(၄) (၂၄)နှစ်မြောက်မှ(၃၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၅% ပေးသွင်းရန်
(၅) (၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ(၇)နှစ်	၂၀% ပေးသွင်းရန်

(၆) ၄၀ နှစ်ကျော် ကာလအတွက် အချိန်တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန် ဖြစ်ပါသည်။

(စ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် စာချုပ် ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ တရားဝင် ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင် စည်းကမ်း ချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင် အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူထံ ပေးအပ်ရမည်။ ကုမ္ပဏီသည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာရပြီး ရက်(၃၀)အတွင်း လုပ်ငန်း စတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ အတွင်း လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်ရန်အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ သိမ်းယူရမည် ဖြစ်ပါသည်။ ဘဏ်အာမခံငွေကို လုပ်ငန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း (၃၀)အတွင်း ကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးရမည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၆]

(ဆ) ကုမ္ပဏီသည် လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်း တစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှားရမ်းခြင်းမပြုရ။ [စာချုပ် (မူကြမ်း) အပိုဒ်- ၅ ထ]

(ဇ) လုပ်ငန်းစတင်သည့်နေ့သည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ(ဌာန)မှ လုပ်ငန်းစတင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ(ကုမ္ပဏီ)သို့ အကြောင်းကြားသည့်နေ့ဖြစ်သည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၉ -ခ]

(ဈ) လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ်(၄၀) (သို့မဟုတ်) လုပ်ငန်း ဆက်လက် လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သောကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် တံတားများ၊ ဂိတ်များနှင့် အဆောက်အဦများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထားအတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံ တစ်ရာမရှိဘဲ လွှဲပြောင်း ပေးရမည်ဖြစ်ပါသည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၂၀]

၄။ လုပ်ငန်းအဆိုပြုချက်ကို (နောက်ဆက်တွဲ-က)ဖြင့် ဖော်ပြထားထားပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၈.၂၁)သန်း အပါအဝင် ကျပ်(၂၃၃၄၆.၁၉)သန်း ဖြစ်ပါသည်။ လုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ(၈.၂၁)သန်းဖိုးနှင့် လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများ အမေရိကန်ဒေါ်လာ(၄၂၈၃.၀၀)သန်းဖိုးကို ပြည်ပမှဝယ်ယူမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ်သန်း	
(က)	ငွေသား	၈၉.၀၀	
(ခ)	လမ်းဖောက်လုပ်ကုန်ကျစရိတ်	၁၄၇၃၄.၉၇	
(ဂ)	အဆောက်အဦ	၃၃၇.၅၀	
(ဃ)	လျှပ်စစ်သွယ်တန်းစရိတ်	၁၃၅.၀၀	
(င)	စက်ပစ္စည်းကိရိယာများ	၃.၈၅	(US$ ၃.၉၃ သန်း)
(စ)	ကုန်ကြမ်းပစ္စည်းများ	၄.၂၀	(US$ ၄.၂၈ သန်း)
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**၂၃၃၄၆.၁၉**	**(US$ ၈.၂၁ သန်းအပါအဝင်)**

၅။ အဆိုပြုလုပ်ငန်းတွင် တည်ဆောက်ရေး ကာလအတွင်း ပြည်တွင်းမှ လုပ်သား(၅၂၃)ဦး၊ လုပ်ငန်း ဆောင်ရွက်သည့် ကာလအတွင်း(၁၈)ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ တစ်လလျှင် ကျပ် ၈၀၀၀၀ ဖြစ်ပါသည်။

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်(၇နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေနှင့်အသုံးစရိတ် ခန့်မှန်းခြေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ်သန်း
(က)	ဝင်ငွေ	၈၀၈.၃၈
(ခ)	အသုံးစရိတ်	၆၉၇.၇၈
(ဂ)	အသားတင်အမြတ်	၁၁၀.၆၀

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၇)နှစ်မြောက်တွင် နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကျပ်သန်း

(က) ဝင်ငွေခွန် ၃၆.၈၇

(ခ) လမ်းဖြတ်သန်းခရငွေ ၄၀.၄၂

၈။ လုပ်ငန်း၏အရင်းကြေကာလမှာ (၂၉)နှစ်နှင့်(၂)လဖြစ်ပြီး အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၃.၉၆ % ဖြစ်ပါသည်။

၉။ ကျပ်ငွေအထောက်အထားအဖြစ် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာဦးကျော်စိုးလွင် အမည် ဖြင့် ဧရာဝတီဘဏ်ရှိ(၂၈-၃-၂၀၁၄)နေ့ငွေလက်ကျန် ကျပ်(၂၉၉၂.၅၂)သန်းတင်ပြထားရာ [သုံးစွဲ မည့် ကျပ်ငွေ ၁၅၂၉၆.၆၇ သန်း၏ ၂၀ ရာခိုင်နှုန်း] တင်ပြထားပါသည်။ နိုင်ငံခြားငွေ အထောက် အထားအဖြစ် MFTB ရှိ(၂၁-၃-၂၀၁၄)နေ့ရှိ နိုင်ငံခြားငွေလက်ကျန် US$ (၁၄၄၉၅၁၀.၈၉) နှင့် (၂၇-၅-၂၀၁၃)နေ့ရှိ နိုင်ငံခြားငွေလက်ကျန် US$ (၂၃၄၆)၊ စုစုပေါင်း US$(၁.၄၅)သန်း တင်ပြ ထားရာ [သုံးစွဲမည့် နိုင်ငံခြားငွေ US$ ၈.၂၁ သန်း၏ ၁၈ ရာခိုင်နှုန်း] တင်ပြထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၀ (က၊ ဂ ၊ စ ၊ ဆ ၊ ဈ ည)အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားလာပါက ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ Myat Noe Thu Construction Co., Ltd. မှ လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်း အဆင့် မြှင့်တင် တိုးချဲ့၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုတင်ပြခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(အောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ရုံးလက်ခံ/ မျှောစာတွဲ

မြေကွက်အမှတ် ၃-အေ ရှိ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီပိုင် ဗိုလ်ချုပ်ဈေးသစ်နှင့် လေဟာပြင်ဈေးနေရာတွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းအပေါ် "ကော်မရှင် အစည်းအဝေး သို့ တင်ပြလမ်းညွှန်မှု ခံယူရန်" ဆုံးဖြတ်ခဲ့ပါသည်။

၁၂။ **မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီး ဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီအေးမှ အမှာစာကို ရှင်းလင်းတင်ပြပါသည်။

မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသန်းနိုင်ဌေး မှ မိမိတို့ ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်မှ စတင်၍ ကော်မရှင်ခွင့်ပြုမိန့်ဖြင့် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်းနှင့် ညောင်ဦး- မြင်းခြံလမ်းပိုင်းတို့အား BOT စနစ်ဖြင့် လမ်းပြုပြင် ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်လမ်းပိုင်းများနှင့် တစ်ဆက်တည်းဖြစ်သော လက်ပံ ခြေပေါ် (ညောင်ဦး)- ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် အားတင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးမင်းမှ တည်ဆောက်ရေး ကာလအား တိတိကျကျသတ်မှတ်ရန် လိုအပ်ပါကြောင်း၊ စီးပွားဖြစ်နေ့အား လမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ ပြီးစီးမှသာ သတ်မှတ်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေး ကာလ (၃)နှစ်အတွင်း ဝင်ငွေရရှိပါက ဝင်ငွေခွန်ထမ်းဆောင် ရမည်ဖြစ်ကြောင်း၊ ဒီဇယ်တင်သွင်းခြင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ထောက်ခံချက်နှင့် ခွင့်ပြုပေးမည်ဖြစ်သဖြင့် လိုအပ်သည့်ပမာဏသာ ဖော်ပြစေလိုကြောင်း၊ စက်၊ယာဉ်ယန္တရားများအား တည်ဆောက်ရေး ကာလအတွင်းသာ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးမှ ကုမ္ပဏီမှ ဖောက်လုပ်ပြီးလမ်းပိုင်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် ကုန်ကျစရိတ်ကို သတ်မှတ်ထားခြင်း ရှိ- မရှိ မေးမြန်းပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယရုံးအဖွဲ့မှူး ဦးမြင့်နိုင် မှ စီးပွားရေးအရ လုပ်ကိုင်နိုင်သော လမ်းပိုင်းများအား ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင် ခွင့်ပြုခြင်းဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန့်စင်ကြိုင်မှ အဆိုပြုလမ်းပိုင်း၏ မူလလမ်းအမျိုးအစားမှာ ကျောက်ချောလမ်း ဟုတ်-မဟုတ် နှင့် လမ်းပိုင်းအား တိုးချဲ့ဖောက်လုပ်ခြင်း ရှိ-မရှိ နှင့် ယခင်လမ်းပိုင်းများအတွက်တင်သွင်းခဲ့သော စက်ယန္တရားများအား ပြန်လည် အသုံးပြုနိုင်ခြင်း ရှိ-မရှိ မေးမြန်းပြီး ဒီဇယ်တင်သွင်းခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စိစစ်ချက်ဖြင့် ကော်မရှင်သို့တင်ပြပြီး ခွင့်ပြုမည့် ပမာဏကိုသာ အခွန်ကင်းလွတ်ခွင့်ပြုမည် ဖြစ်သဖြင့် သေချာစွာ စိစစ်တင်ပြပါရန်၊ စက်ပစ္စည်း တင်သွင်းခြင်းနှင့် ကတ္တရာတင်သွင်းခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိစစ်ထောက်ခံပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးသိန်းဇော်မှ တည်ဆောက်ရေး ကာလအတွင်း လုပ်ငန်းပြီးစီးမှု အခြေအနေအား မိမိတို့ဌာနသို့ တင်ပြပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးပါသည်။

အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမှ စက်ယန္တရားများ တင်သွင်းမှုအခြေအနေကို မေးမြန်းပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းပိုလ်မှ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမည့်ငွေ၏ ဝင်ငွေရလမ်းကို စိစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

လျှပ်စစ်စွမ်းအား ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဟန်နု မှ လျှပ်စစ်မီးမရရှိသောနေရာတွင် Generator အသုံးပြုမည်ဟုဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးပြောကြားပါသည်။

အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ ဆွေးနွေးမေးမြန်းချက်များအပေါ် မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မှ စီမံကိန်းဒါရိုက်တာ ဦးသန်းနိုင်ဌေး မှ တည်ဆောက်ရေးကာလကို (၃) နှစ် အတွင်းပြီးစီးအောင် တည်ဆောက်မည်ဖြစ်ပါကြောင်း၊ ယခုလမ်းပိုင်းမှာ ဖြတ်သန်းမည့် ယာဉ်စီးရေ နည်းပါကြောင်း၊ တံတားအား လေလံ စနစ်ဖြင့် ရရှိထားပါကြောင်း၊ မူလလမ်းမှာ ကတ္တရာ လမ်းဖြစ်ပြီး ယခင် ၁၂ ပေမှ ယခု ၁၈ ပေသို့ တိုးချဲ့မည်ဖြစ်ပါကြောင်း၊ ကော်မရှင်ခွင့်ပြုမိန့် ရရှိပြီး ယခင်လမ်းပိုင်း(၂)ပိုင်းအား စီးပွားဖြစ်နေ့ သတ်မှတ်ပြီးဖြစ်ပါကြောင်း၊ အခွန် စိစစ် နေပါကြောင်း၊ ယခုတင်ပြသည့် လမ်းပိုင်းအတွက် ဝင်ငွေ မရသေးပါကြောင်း၊ ယခင် လမ်းပိုင်းများအတွက် တင်သွင်းခဲ့သော စက်ယန္တရားများအား ကော်မရှင်သို့ တင်ပြခြင်းမရှိသော ကန်ထရိုက်ဖြင့် လုပ်ကိုင်နေသော အခြားလမ်းပိုင်းများ ပြုပြင်ရာတွင် လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်ငှားရမ်းခြင်းဖြင့် လည်းကောင်း အသုံးပြုပါကြောင်း ရှင်းလင်းတင်ပြပါသည်။

အစည်းအဝေး မှ မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မှ လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ - မြိုင် - လင်းကတော - မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့်

လမ်းအဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း အဆိုပြုချက် တင်ပြခြင်းကိစ္စကို အောက်ပါအတိုင်းဆုံးဖြတ်ပါသည်-

(က) လမ်းအသုံးပြုခကောက်ခံမည့် ဂိတ်တည်နေရာ ဖော်ပြပေးရန်၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏မှတ်ပုံတင်မိတ္တူ၊ အဆိုပြုလမ်းပိုင်း၏တည်နေရာပြမြေပုံ၊ ငွေကြေးအထောက် အထားများ တင်ပြပေးရန်၊

(ဂ) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားစာတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၀ အရ လျှောက်ထားရန်၊

(ဃ) လူမှုရေးအကျိုးပြုလုပ်ငန်း (Corporate Social Responsibility)အတွက် လုပ်ငန်းမှ ရရှိသော အမြတ်ငွေ၏ မည်သည့် ရာခိုင်နှုန်းကို သုံးစွဲမည်ဖြစ်ကြောင်း တင်ပြပေးရန်၊

(င) ဝင်ငွေခွန်အား (၅)နှစ်ကင်းလွတ်ခွင့်ဖြင့် တွက်ချက်ဖော်ပြရန်၊

(စ) ကုမ္ပဏီမှ လိုအပ်ချက်များ ပြည့်စုံစွာ တင်ပြလာပါက ကော်မရှင် အစည်းအဝေးသို့ တင်ပြရန်၊

ဆုံးဖြတ်ချက်များ | **ဆောင်ရွက်ရန်**

၁၃။ အစည်းအဝေးမှ အောက်ပါတို့ကို ဆုံးဖြတ်ပါသည်။

(က) ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Fu Yuen Garment Co., Ltd. မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်း ကိစ္စအား အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်-

(ဆောင်ရွက်ရန် - အဆိုပြုချက် စိစစ်ရေးရုံးအဖွဲ့ Fu Yuen Garment Co., Ltd)

(၁) ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP) ဆောင်ရွက်ရန်၊

(၂) မြေငှားစာချုပ်တွင် ငှားရမ်းသူမှ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန်၊

(၃) မြေငှားခကို စာချုပ်တွင် တိကျစွာ ဖော်ပြရန်၊

(၄) လျှပ်စစ်ပစ္စည်းစာရင်းတွင် ပါရှိသည့် Item များ၏ အသုံးဝင်ပုံ ဖော်ပြပေးရန်၊

(၅) Lease Agreement အပိုဒ် ၁၉-၁ အား ပြင်ဆင်တင်ပြပေးရန်၊

(ခ) ဖက်စပ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Samitivej International Co., Ltd. တည်ထောင်ကာ မြန်မာနိုင်ငံတွင်

(ဆောင်ရွက်ရန် - အဆိုပြုချက် စိစစ်ရေးရုံးအဖွဲ့)

(၃) လိုအပ်သောစာရင်းများအား ပြန်လည်ပြင်ဆင်ပေးရန်၊	
(စ) White Turtle Company Limited မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စနှင့်စပ်လျဉ်း၍ " ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသို့ သဘောထားတောင်းခံရန် "	အဆိုပြုချက် စိစစ်ရေးရုံးအဖွဲ့ White Turtle Company Limited
(ဆ) City Square Hotel Co., Ltd. မှ ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ရွှေတိဂုံဘုရားလမ်းထောင့်၊ မြေတိုင်းရပ်ကွက် (၁၆-စီ)၊ မြေကွက် အမှတ် ၃-အေ ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပိုင် ဗိုလ်ချုပ်ဈေးသစ်နှင့် လေဟာပြင် ဈေးနေရာ၊ မြေဧရိယာ ၆.၅၂၅ ဧက တွင် ဟိုတယ် လုပ်ငန်း တည်ဆောက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ဌာနနှင့် ကုမ္ပဏီတို့ အကျိုးတူ ဆောင်ရွက်ခြင်းမှ ကုမ္ပဏီအပိုင် ရရှိမည့် အပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စရပ်နှင့်စပ်လျဉ်း၍ "ကော်မရှင်အစည်းအဝေးသို့ တင်ပြလမ်းညွှန်မှုခံယူရန်"	အဆိုပြုချက် စိစစ်ရေးရုံးအဖွဲ့ City Square Hotel Co., Ltd.
(ဇ) မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် မှ လက်ပံခြေပေါ် (ညောင်ဦး) - ပခုက္ကူ - မြိုင်- လင်းကတော - မုံရွာ လမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း အဆိုပြုချက် တင်ပြခြင်းကိစ္စကို တစ်ဖက်ပါအတိုင်းဆုံးဖြတ်ပါသည်-	အဆိုပြုချက် စိစစ်ရေးရုံးအဖွဲ့ မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်

(၁) လမ်းအသုံးပြုခကောက်ခံမည့် ဂိတ်တည်နေရာ ဖော်ပြပေးရန်၊

(၂) ရင်းနှီးမြှုပ်နှံသူ၏ မှတ်ပုံတင်မိတ္တူ၊ အဆိုပြု လမ်းပိုင်း၏ တည်နေရာပြ မြေပုံ၊ ငွေကြေး အထောက် အထားများ တင်ပြ ပေးရန်၊

(၃) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှောက်ထားစာ တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၂၀ အရ လျှောက်ထားရန်၊

(၄) လူမှုရေး အကျိုးပြု လုပ်ငန်း (Corporate Social Responsibility) အတွက် လုပ်ငန်းမှ ရရှိသော အမြတ်ငွေ၏ မည်သည့် ရာခိုင်နှုန်းကို သုံးစွဲမည် ဖြစ်ကြောင်း တင်ပြပေးရန်၊

(၅) ဝင်ငွေခွန်အား(၅)နှစ် ကင်းလွတ်ခွင့်ဖြင့် တွက်ချက် ဖော်ပြရန်၊

၁၂။ အစည်းအဝေးကို မွန်းလွဲ(၁၄း၃၀) နာရီတွင် ရုပ်သိမ်းပါသည်။

မှတ်တမ်းတင်သူ

(signed)

သန့်စင်ကြိုင်
ညွှန်ကြားရေးမှူး

စာအမှတ်၊ ရက-၁ / မ-၀၀၂ / ၂၀၁၄ (၂၆၆၄)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်

ဖြန့်ဝေခြင်း

အစည်းအဝေးတက်ရောက်သူများအားလုံး

ကြေးနန်းလိပ်စာ - **"စီစစ်တိုး"**
တယ်လီဖုန်းအမှတ်- ၄၀၆၀၆၅
- ၄၀၆၀၆၆
- ၄၀၆၀၆၇
- ၄၀၆၀၆၈
- ၄၀၆၀၆၉
- ၄၀၆၀၇၀
- ၄၀၆၀၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်၃၂ ၊ နေပြည်တော်

စာအမှတ်၊စစတ- ဦး / ၇၂၁(၆၃၂ /၂၀၁၄)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်

D.249
11.3.14

အမှာစာ

အကြောင်းအရာ။ **မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ် (ညောင်ဦး) -ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ရက-၆(က)/မ-၁၄၀၈/၂၀၁၄(၂၂၉၇-ဃ)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည် ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စအပေါ် စီးပွားရေး တွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များအား စိစစ်ပြီး တွေ့ရှိချက်များ ပြန်ကြားပေးပါရန် ရည်ညွှန်းပါ စာဖြင့် အကြောင်းကြားလာပါသည်။

၂။ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာပါ ငွေသားစီးဆင်းမှု စာရင်းများကို အခြေခံ၍ စိစစ်တွက်ချက်ရာ အောက်ပါအတိုင်း တွေ့ရှိရပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) ငွေသားစီးဆင်းမှုစာရင်း (Cash Flow) မှ အချက်အလက်များဖြင့် တွက်ချက်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၄% ရရှိပြီး ကုမ္ပဏီမှ တွက်ချက်တင်ပြထားသည်နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်းနှင့် အကျိုးအမြတ် ပြန်ပေါ်နှုန်း အားနည်းသည်ကို တွေ့ရှိရပါကြောင်း၊

(ခ) အရင်းအနှီး၏အခွင့်အလမ်းစရိတ် ၁၂% ဖြင့်တွက်ချက်ပါက အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုးမှာ ၀.၄၂ ရရှိပြီး အသားတင်လက်ငင်းတန်ဖိုးမှာ ကျပ် (-၁၅၂၀၃.၅၀) သန်း ဖြစ်သည်ကို တွေ့ရှိရပါကြောင်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းအား လက်ရှိပေါက်ဈေး အတိုင်း တွက်ချက် တင်ပြရန် လိုအပ်ပါကြောင်း၊

(ဂ) တွက်ချက်ရရှိသော အရင်းကြေကာလမှာ ၂၈ နှစ် ဖြစ်ပြီး အဆိုပြုလွှာပါ အရင်းကြေကာလနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊

(ဃ) မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်သည် ရာနှုန်းပြည့်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် စုစုပေါင်း ကျပ် ၂၂၂၇၈.၃၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

(င) **လူမှုရေးအကျိုးသက်ရောက်မှုများအတွက်** နိုင်ငံအတွင်း ဝန်ထမ်း (၅၆၁) ဦး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်များ ဆောင်ရွက်ထားရှိမည်ဟု ဖော်ပြပါရှိပါကြောင်း၊

(စ) **ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ**အတွက် မီးဘေးကြိုတင်ကာကွယ်မှုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပွားစေရန် အစီအစဉ်များ ဆောင်ရွက်ထားရှိမည်ဟု ဖော်ပြပါရှိကြောင်းနှင့် အဆိုပါ အစီအမံများအား အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

(ဆ) အဆိုပါရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာမှုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာနိုင်စေခြင်းတို့ကို တွေ့ရှိရပါကြောင်း။

၁၁.၃.၂၀၁၄

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ခင်နွဲ့ရီ၊ ဒုတိယညွှန်ကြားရေးမှူး)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
မိတ္တူကို
ပြည်ထောင်စုဝန်ကြီးရုံး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၁၄(ကုမ္ပဏီ)(စီ ၄၀၇၇)
ရက် စွဲ၊ ၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ်(ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာ လမ်းပိုင်း(၇၉/၆)မိုင်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် အဆိုပြုလွှာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ ခုနှစ် မတ်လ(၁၃)ရက်နေ့စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၄၀၈/၂၀၁၄(၂၈၁၆-က)

၁။ မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ဆောင်ရွက်လျှက်ရှိသည့် လက်ပံခြေပေါ်(ညောင်ဦး)- ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း (၇၉/၆) မိုင်၏ အဆိုပြုလွှာကို တင်ပြခဲ့ခြင်းအပေါ် ၂၀၁၄ ခုနှစ် မတ်လ(၆)ရက်နေ့တွင် ကျင်းပခဲ့သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၁/၂၀၁၄) အစည်းအဝေးမှ အောက်ဖော်ပြပါ အချက်များကို ပြန်လည်ပြင်ဆင်၍ တင်ပြသွားရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာခဲ့ပါသည် -

(က) လမ်းအသုံးပြုခ ကောက်ခံမည့် ဂိတ်တည်နေရာ ဖော်ပြပေးရန် ။

(ခ) ရင်းနှီးမြှုပ်နှံသူ၏ မှတ်ပုံတင်မိတ္တူ ၊ အဆိုပြုလမ်းပိုင်း၏ တည်နေရာပြမြေပုံ ၊ ငွေကြေးအထောက်အထားများ တင်ပြပေးရန် ။

(ဂ) အခွန်ကင်းလွတ်ခွင့် ၊ သက်သာခွင့် လျှောက်ထားစာတွင် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၀ အရ လျှောက်ထားရန် ။

(ဃ) လူမှုရေးအကျိုးပြုလုပ်ငန်း (Corporate Social Responsibility) အတွက် လုပ်ငန်းမှရရှိသော အမြတ်ငွေ၏မည်သည့် ရာခိုင်နှုန်းကို သုံးစွဲမည်ဖြစ်ကြောင်း တင်ပြပေးရန် ။

(င) ဝင်ငွေခွန်အား (၅)နှစ် ကင်းလွတ်ခွင့်ဖြင့် တွက်ချက်ဖော်ပြရန် ။

၂။ သို့ဖြစ်ပါ၍ စာပိုဒ် (၁) တွင် ဖော်ပြထားသော အချက်များကို ပြင်ဆင်ပြီး ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးသို့ ဆက်လက် တင်ပြပေးနိုင်ပါရန် ပူးတွဲပေးပို့ တင်ပြအပ်ပါသည် ။

၁/၄/၂၀၁၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
စိုးတင့် ၊ ဒုတိယဝန်ကြီး

D:\Khwe 2 2014(C2)\DM Pg.22 (2)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၁၄(ကုမ္ပဏီ)(စီ ၂၁၈၇)

ရက် စွဲ၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ်(ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာ လမ်းပိုင်း(၇၉/၆)မိုင်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် အဆိုပြုလွှာ တင်ပြခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းအပိုင်းများကို B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျှက်ရှိသော ကုမ္ပဏီများအနက် မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျှက်ရှိသည့် လက်ပံခြေပေါ်(ညောင်ဦး)- ပခုက္ကူ- မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း (၇၉/၆) မိုင်၏ အဆိုပြုလွှာ နှင့် ပဋိညာဉ်စာချုပ်ပါ လိုအပ်ချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အတည် ပြုချက်ရယူ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးနှင့် ဆက်သွယ်ညှိနှိုင်း ပြုစုပြီး ပေးပို့လာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပိုဒ်(၁)တွင် ဖော်ပြထားသော လက်ပံခြေပေါ်(ညောင်ဦး)- ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း (၇၉/၆) မိုင်၏ အဆိုပြုလွှာကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၊ လမ်းဦးစီးမှ စိစစ်ခဲ့ပြီး ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးသို့ ဆက်လက် တင်ပြပေးနိုင်ပါရန် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အဆိုပြုလွှာ (၁) စုံ၊ ငွေကြေး လည်ပတ်မှု အခြေပြဇယား (၁)စောင် တို့နှင့်အတူ ပူးတွဲပေးပို့ တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

စိုးတင့်၊ ဒုတိယဝန်ကြီး

မိတ္တူကို

- ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ။

D:\Khwe 2 2014(C2)\DM Pg.9 (2)

ကုမ္ပဏီမှ တင်ပြလာသည့် ငွေကြေးလည်ပတ်မှု အခြေပြဇယား

စဉ်	လမ်းအမည်	ကုမ္ပဏီအမည်	I.R.R (%)	အရင်းကြေကာလ(နှစ်)	(၁)ရက်လျှင်သွားသည့်ယာဉ်စီးရေ	(၁)နှစ်ယာဉ်တိုးနှုန်း (%)	ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်း)
၁။	လက်ပံခြေပေါ်(ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း	မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်	၃.၉၆၇၆	၂၇/၂	၅၂၅	-	၂၂၂၇၈.၃၆၈

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်

အကြောင်းအရာ။ **မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံအား BOT စနစ်ဖြင့် လမ်း အဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံ ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စ နှင့် စပ်လျဉ်း၍ အဆိုပြုချက် စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့တင်ပြမည့် အမှာစာ(**စာချော**)တွင် လက်မှတ်ရေးထိုးပေးပါရန်ပြုစုတင်ပြအပ်ပါသည်။

(မီမီသဉ္ဇာချို)
ဦးစီးအရာရှိ

လက်ထောက်ညွှန်ကြားရေးမှူး

၃။ ခွင့်

ဒုတိယညွှန်ကြားရေးမှူး

ညွှန်မှူး

၄။ PAT အစည်းအဝေးသို့ တင်ပြမည့် အမှာစာ (စာချော) တွင် လက်မှတ်ရေးထိုးပေးပါရန် တင်ပြအပ်ပါသည်။

3/3.

ညွှန်မှူး

၅.

(မြတ်မြင့်)

၆။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ၁၁/၂၀၁၄ PAT မှတ်တမ်း စာကြမ်းအားတင်ပြအပ်ပါသည်။

၅/၃

(မီမီသဉ္ဇာချို)

သို့မဟုတ် စာကြမ်းရေးရန်အတွက်

လက်ထောက်သူနာပြုကြီးရေးမှူး

၁။ PAT မှတ်တမ်းအား တင်ပြအပ်ပါသည်။

[illegible] 7/3 (မောင်မောင်ကြည်)

ဦးစီးမှူး ပြုပြင်ရေး

၁။ PAT ဖွဲ့စည်းမှု (...) အား [illegible] ပြုလုပ်ရန် [illegible] တင်ပြအပ်ပါသည်။

[illegible] 7/3 (ကိုကိုဇော်)

ဆွဲဖြူ

၃။ တင်ပြပါ။ ဝေငှပြီးသွားပါမည်

[illegible] 7/2 (ယုယုဝင်း)

ဖြေရန် / အတည်ပြု / [illegible] / 7/3

ဒေါက်တာ

အမ၊ တစ်ဖက်ပါကိစ္စနှင့် ခပ်လျှဉ်း၍ အဆိုပြုချက်ခံစားရေးအဖွဲ့ ၏ ၁၇၊ ၂၀၁၃ အစည်းအဝေးဆုံးဖြတ်ချက်အား သက်ဆိုင်ရာ ကုမ္ပဏီသို့ အကြောင်းပြန်ကြားမည့် စာချုပ်တွင် လက်မှတ်ရေးထိုးပေးပါရန် တင်ပြအပ်ပါသည်။

[illegible] 13/3 (ဖိုးသူ)

လက်ထောက်သူနာပြုကြီးရေးမှူး

၁၁။ PAT မှတ်တမ်း [illegible] ပြင်ဆင်ပြီး [illegible] တင်ပြအပ်ပါသည်။

[illegible] (မောင်မောင်ကြည်)

ဦးစီးမှူး ပြုပြင်ရေး

၁၂။ PAT အား [illegible] (...) ဖြင့် [illegible] ပေးပါရန် တင်ပြအပ်ပါသည်။

[illegible] 13/3 (ကိုကိုဇော်)

အထွေထွေ အရပ်ရပ်-၁၆
(ရုံးတွင်းစာအကျဉ်းချုပ်(သို့မဟုတ်) စာကြမ်းရေးရန်)

ဗိုရ်၊ ၂ .

၁၃ .

Laptop

Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်
အဆိုပြုချက်စိစစ်ရေးအဖွဲ့

ဖက်(စ်)၉၅-၆၇-၄၀၆၁၆၁
☎-၀၆၇-၄၀၆၁၃၉၊ ၄၀၆၃၆၂

စာအမှတ်၊ရက-၆(က)/မ-၁၄၀၈/၂၀၁၄(၂၆၇၂)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်

သို့

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန

အကြောင်းအရာ။	**မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မှ ဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ်(ညောင်ဦး)-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**
ရည်ညွှန်းချက် ။	ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၁၉ -၂- ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၁၄(ကုမ္ပဏီ) (စီ ၂၁၈၇)

၁။ မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျှက်ရှိသော လက်ပံခြေပေါ် (ညောင်ဦး)- ပခုက္ကူ- မြိုင်- လင်းကတော- မုံရွာလမ်းပိုင်း ၇၉ မိုင်၊ ၆ ဖာလုံ အား BOT စနစ်ဖြင့် လမ်း အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုတင်ပြခြင်းကို လက်ခံရရှိခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၃)၊ အပိုဒ် (၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၁/၂၀၁၄)(၆-၃-၂၀၁၄)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြမည် ဖြစ်ပါသဖြင့် စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှုများနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များအား ပြန်ကြားပေးပါရန် **အဆိုပြုလွှာ** (၁)စောင် **(ပူးတွဲ)** ပေးပို့အပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(သန့်စင်ကြိုင်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ